မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing**
**Income Restoration Program in Myanmar**

## အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် လျာထားအချိန်များကို အသိပေးကြေညာခြင်း



ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအချိန်ကို၂၀၁၆ ဖေဖော်ဝါရီ၁၀ရက်နှင့်၁၁ရက်နေ့ တွင် ဒေသခံများအား အသိပေး ကြေညာခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ ကိုယ်စားလှယ်တစ်ယောက်နှင့် JICA Expert Team တို့သည် သက်ဆိုင်ရာ ကျေးရွာ အသီးသီးမှ ဒေသခံများကို လုပ်ငန်းများ စတင်ဆောင်ရွက်မည့် လျာထားချက်အစီအစဉ်ကိုရှင်းပြခဲ့ပြီး မြေပုံနှင့်တကွ အချိန်ဇယားကို လည်း ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် အများ ချက် အစီအစဉ်ကိုသိရှိစေရန် ကပ်ထားခဲ့ပါသည်။ ရည်ရွယ်ချက်မှာ လျာထားအချိန်ဇယားကို သိရှိပါက ဒေသခံများအနေဖြင့် မိုးရာသီမတိုင်မီ အိမ်အမိုးမိုးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း အတွက်လိုအပ်သော ပြင်ဆင်မှုများပြုလုပ်နိုင်စေရန် ဖြစ်ပါသည်။

## ဂျပန်တက္ကသိုလ်ကျောင်းသားများ လာရောက်လည်ပတ်ခြင်း (၂၀၁၆ ဖေဖော်ဝါရီ ၂၃ရက်)



၂၀၁၆ ဖေဖော်ဝါရီလ ၂၃ရက်တွင် ဂျပန်တက္ကသိုလ်မှ ကျောင်းသားများ သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက် လေ့လာလည်ပတ်ခဲ့ပါသည်။ ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှ သီလဝါအထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေများအား ရှင်းလင်းပြောပြခဲ့ပါသည်။ ထိုနောက်ယင်း အဖွဲ့သည် ဇုန် အေ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအတွက် ပြန်လည်နေရာချထားရေးနေရာသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ဦးဇင်း အရှင်စန္ဒာဝရ နှင့်လည်း တွေ့ ဆုံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့်အကြောင်းအရာများကို မေးမြန်းခဲ့ပါသည်။

## Information sharing about the implementation schedule (February 10th & 11th 2016)



Implementation schedule of resettlement works for Zone B Development Area was announced on February 10th and 11th 2016. JICA Expert Team and one of the representatives from Thilawa SEZ Management Committee went to 6 villages and explained about the schedule. The objective is that the community people can be able to take into concentration of preparation for their agriculture work and renovation of the houses before the rainy season. Provisional Commencing Time of Resettlement Works and the map of the tentatively divided area of Zone B development area were attached on the notice board of each village.

## University Students from Japan visit to Relocation Site (23th Feb 2016)



University students from Japan visited Thilawa SEZ and relocation site of people affected by Phrase 1 (Zone A) Development area on Feb 23th 2016. JET explained the current situation of Thilawa SEZ. University students from Japan also met with U Sandar Wara, mediator and asked some questions concerning with the development issues.

## ကျောက်ဖြူနှင့်ထားဝယ်မှ အရပ်ဘက်အဖွဲ့အစည်းများ သီလဝါသို့လာရောက်လည့်ပတ်ခြင်း( ၂၀၁၆ ဖေဖော်ဝါရီ ၂၃ရက်)



ကျောက်ဖြူနှင့် ထားဝယ်မှ ဒေသခံများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် Earth Right International မှ ဝန်ထမ်းများ သည် သီလဝါအထူးစီးပွားရေးဇုန် သို့ ဖေဖော်ဝါရီလ ၂၄ရက်နေတွင် လိုက်လံလည့်ပတ်ကြည့်ရှုခဲ့ပါသည်။ ရည်ရွယ်ချက်မှာ သီလဝါအထူးစီးပွားရေးဇုန်၏ လက်ရှိဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် Dowa Eco System Co.,Ltd. မှ တာဝန်ယူဆောင်ရွက်နေသည့် အမှိုက်သန့်စင်ပုံ အဆင့်ဆင့်ကို လေ့လာကြည့်ရှုနိုင်စေရန်ဖြစ်ပါသည်။ ထားဝယ်မှ ၂၁ဦး၊ ကျောက်ဖြူမှ ၁၈ဦးနှင့် ERI မှ ဝန်ထမ်း ၃ ဦး လာရောက် လေ့လာကြည့်ရှုခဲ့ပါသည်။

## Thilawa SEZ Exchange trip (Feb 24th 2016)



The community people from Kyauk Phyu and Dawei and representative from Earth Right International visited to Thilawa SEZ on 24th Feb 2016. The objective is to know the current condition of Thilawa SEZ and study the waste management process of Dowa Eco-system Co.,Ltd. There were 21 participants from Dawei, 18 participants from Kyauk Phyu and 3 participants from ERI participated.

## ရေပေးဝေမှုစနစ်နှင့်ပတ်သက်၍ ဒေသခံများနှင့် ဆွေးနွေးခြင်း (၂၀၁၆ ဖေဖော်ဝါရီ ၂၉ရက်)



ရေပေးဝေးရေးဆိုင်ရာ အကြောင်းအရာများကို ပြန်လည်နေရာချထားရေး နေရာမှ လူထုနှင့် ဖေဖော်ဝါရီလ ၂၉ရက်နေတွင် တွေဆုံ ဆွေးနွေးခဲ့ပါသည်။ ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှ ရေပေးဝေမှုစနစ် ထိန်းသိမ်းရန်နှင့် စီမံခန့်ခွဲရန်အတွက် ရေပေးဝေရေး အဖွဲ့အစည်း ဖွဲ့ရန်လိုအပ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အစည်းအဝေးကို ဒေသခံ ၄၀ ဦးခန့်တက်ရောက်ခဲ့ပြီး အဖွဲ့ဝင် ၃ ဦးကို ရွေးချယ်တင်မြောက်ခဲ့ပါသည်။ ဆက်လက်၍ ရေပေးဝေရေး ကျွမ်းကျင်ပညာရှင်မှ မကြာမီ လာရောက်၍ ရေအရင်းအမြစ်နှင့် ရေ၏အရည်အသွေးကို စစ်ဆေးမည် ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့ပါသည်။

## Discussion about water supply system for PAPs (Feb 29th 2016)



Discussion with community people about water supply system has done in relocation site on 29th Feb 2016. JICA Expert Team explained to community people that how it is important to organize the Water Users Association for managing and maintenance.3 members were selected from about 40 participants. JICA Expert Team also shared the information about the water supply expert is going to examine the source of water and the quality of water in coming soon.